

# ပြောပါရစေ စေတနာများစွာနဲ့

အရှင်ဉာဏိကာဘိဝံသ

၂၀၀၂ ခု စက်တင်ဘာလအတွက်ထုတ်ဝေတဲ့ အပ္ပမာဒမဂ္ဂဇင်းပါ ဌေးလွင်(ဆားလင်းကြီး)ရဲ့ **မြန်မာစစ်သော မိခင်မေတ္တာ** ဆောင်းပါးကို ဖတ်လိုက်ရလို့ ဒီဆောင်းပါးကို မြန်မြန်ရေးဖြစ်တာပါ။ ဆောင်းပါးထဲမှာ စာရေးသူက "ယနေ့မျက်မှောက်ခေတ်တွင်ကား စီးပွားရေးအမြင်၊ စီးပွားရေးမျက်လုံး ကျယ်လာသည်၊ ပွင့်လာသည်ဟု ဆိုချင်ကလည်း ဆိုနိုင်ပါသည်၊ ရှေးကထက် လောဘတွေပိုကြီးလာသည်ဟု ပြောလျှင် မကောင်းမြင်ဟု ဆိုချင်သူများလည်းရှိပေမည်။ အမှန်အားဖြင့် လောဘမျက်လုံးကျယ်လာခြင်းသာဖြစ်ပါသည်" စသဖြင့် ကြီးပွားရေး စီးပွားရေးအတွက် နိုင်ငံရပ်ခြားထွက်ခွါကြသူများနှင့် ပတ်သက်ပြီး သူ့အမြင်ကို သုံးသပ်ရေးသားထားပါတယ်။ ဆောင်းပါးရဲ့ လိုရင်းချုပ်ကတော့ နိုင်ငံရပ်ခြားကို ပို့နိုင်တဲ့စွမ်းအားရှိပါလျက် သူ့သားသမီးတွေကို နိုင်ငံရပ်ခြားပို့ဖို့ စိတ်ကူးမရှိတဲ့ မိခင်တစ်ယောက်ကို မြန်မာပီသသူတစ်ယောက်အဖြစ် ချီးမွမ်းထောမနာထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ **(သားသမီးတွေကို နိုင်ငံရပ်ခြားပို့ကြတဲ့ မိခင်တွေကိုတော့ မြန်မာ မစစ်သောသူများရယ်လို့ ဆိုလိုချင်တာ မဟုတ်ပေဘူး လို့ မယုံမရဲ ယူဆမိပါသေးတယ်)**

တိုက်ရိုက်အဓိပ္ပါယ်ပြန်ရမယ်ဆိုရင်တော့ နိုင်ငံရပ်ခြားကို သွားရောက်ခြင်းအပေါ်မှာ အပြစ်မြင်တဲ့ ရေးသားမှုတစ်ခုလို့ပဲဆိုရမှာပါ။ သူ့ဆောင်းပါးမှာ ဒေါ်လာလိုချင်တာကြောင့် နိုင်ငံခြားကိုသွားလိုကြတာဖြစ်ကြောင်းကိုလဲ ဖတ်ရပါတယ်။ နောက်ပြီးနိုင်ငံရပ်ခြားမှာ ကိုယ့်လူမျိုးတွေ ပန်းကန်ဆေးအိုးတိုက် အလုပ်မျိုးလုပ်ရတာအတွက်လဲ "မြန်မာတွေနိုင်ငံခြားသွားပြီး အောက်တန်းစားအလုပ်တွေ လုပ်နေကြသည်ဟု ပြောလျှင်လည်း ခံချင်ကြမည်မဟုတ်ပေ" လို့လဲ ရေးထားပါသေးတယ်။ သူ့အမြင် သူ့အတွေးနဲ့ သူ့အထင်သူရေးထားတာမို့ ဘာမှ အထူးမပြောလိုပေမယ့် နိုင်ငံရပ်ခြားမှာ ရောက်ရှိနေထိုင်နေတဲ့ ပုဂ္ဂိုလ်များရဲ့ သဘောထားအမြင်အချို့ကိုတော့ အနည်းငယ်မျှ ပြောပြချင်ပါတယ်။ ကိုယ်ကိုယ်တိုင် နိုင်ငံရပ်ခြားမှာရောက်နေ၊ နိုင်ငံရပ်ခြားရောက်သူတွေနဲ့လဲ အမြဲတမ်းထိတွေ့ဆက်ဆံနေရတာကြောင့် သူတို့ရဲ့သဘောထားကိုပိုပြီးနားလည်မိလို့ ခုလိုပြောပြခြင်းဟာ သဘာဝကျမယ်လို့လည်း ယူဆမိပါတယ်။

ဒွေးလွင်(ဆားလင်းကြီး)ရဲ့စာကိုဖတ်ပြီး အခြားဆရာတော်တစ်ပါးရဲ့ မိန့်ကြားချက်ကိုလဲ သတိရမိပါတယ်၊ အဲဒီကတည်းက ဆောင်းပါးတစ်ပုဒ်ရေးဖို့ စိတ်ကူးမိပါတယ်၊ သို့ပေမယ့် အထမမြောက်ခဲ့ပါဘူး၊ ခုတော့ ဒွေးလွင်(ဆာလင်းကြီး) ရဲ့ စာက စာရေးဖြစ်ဖို့ တွန်းအားပေးခဲ့သလိုဖြစ်လို့မို့ ရေးဖြစ်ပါတယ် ပေါ့။

လွန်ခဲ့တဲ့လက စာရေးသူတို့ကျောင်းကို မြန်မာလူငယ်တစ်ယောက် ရောက်လာပါတယ်။ သူ့အပြော အရ သူဟာအမေရိကကိုရောက်တာ သုံးနှစ်ကျော်ကျော်လေးပဲရှိသေးတယ်လို့သိရပါတယ်။ စာရေး သူတို့ကျောင်းက သူနေထိုင်တဲ့နေရာနဲ့ အတန်ငယ်ဝေးလို့ ခုမှရောက်ဖြစ်ပေမယ့် သူနေထိုင်တဲ့အရပ်နဲ့ သိပ်ပြီးမဝေးလှတဲ့ ဘုန်းတော်ကြီးကျောင်းများကိုတော့ မကြာမကြာရောက်တတ်ပါကြောင်း ပြောပါ တယ်။ အထူးသဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းများက ကြီးမှူးကျင်းပလေ့ရှိတဲ့ ဝါဆိုပွဲ၊ ကထိန်ပွဲနဲ့ သင်္ကြန်ပွဲလိုအချိန်မျိုးမှာတော့ အမြဲတမ်းလို ရောက်တတ်လေ့ရှိကြောင်းပြောပါတယ်။ ရောက်တတ်ရာ ရာစကားပြောဖြစ်ရင်းနဲ့ သူ မြန်မာပြည်က မထွက်ခွါလာမီက သူ့မိဘများအမြဲကိုးကွယ်ဆည်းကပ် လေ့ရှိတဲ့ ဆရာတော်တစ်ပါးထံကို ကန်တော့ဖို့သွားရောက်ခဲ့ကြောင်းကို ပြောပြပါတယ်။ အဲဒီလို သွားရောက်ခဲ့ရာမှာ ဆရာတော်က "အော် မင်းက မိဝေး ဘဝေး ဘာသာသာသနာနဲ့ဝေးတဲ့ ပစ္စန္တ ရာဇ် အရပ်ဆီကိုသွားတော့ မလို့ကိုး" လို့ အမိန့်ရှိကြောင်းကိုလဲပြောပြခဲ့ပါတယ်။ နောက်ပြီး "ဒီမှာ နေပြီး လုပ်ကိုင်စားသောက်လို့ရော မဖြစ်ဘူးလား၊ ဘာကြောင့် ခုလိုနိုင်ငံရပ်ခြားတိုင်းတစ်ပါးကို အ ထင်တကြီး သွားချင်ရတာလဲ" လို့ အမိန့်ရှိခဲ့ကြောင်းကိုလဲ ပြောပြပါသေးတယ်။ ဒီလို အမိန့်ရှိတဲ့ ဆရာတော်ဟာ သူကိုယ်တိုင်လဲ အထွတ်အထိပ်ပညာတတ်တစ်ပါးဖြစ်သလို ပြင်ပဗဟုသုတများနဲ့ လည်း ပြည့်စုံမယ်ရယ်လို့ သူဆထားပါတယ်တဲ့။ အဲဒီလိုဆရာတော်တစ်ပါးက ခုလိုပြည်ပကိုထွက်ခွါမှု ကို သဘောမကြတဲ့အနေမျိုး ပြောတာအတွက် နားမလည်နိုင်အောင်ဖြစ်မိပါတယ်တဲ့။ ဆရာတော်ရဲ့ အမိန့်ရှိတဲ့စကားအတွက် အလွန်လည်း ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲမိရပါတယ်တဲ့။ နောက်ပြီးသူက အရှင် ဘုရားအနေနဲ့ အဲဒီစကားကို ဘယ်လို သဘောရပါသလဲလို့လဲ စာရေးသူရဲ့ သဘောထားဆန္ဒ ကိုပါ တောင်းခံမေးမြန်းခဲ့ပါတယ်။

ဒီတော့ စာရေးသူက အော် ဒကာလေးရေ တို့များကိုယ်တိုင်က ခု နိုင်ငံရပ်ခြားရောက်နေတော့ တို့ များဖြေတဲ့ အဖြေစကားဟာ တို့လိုရာဆွဲဖြေတဲ့ အဖြေမျိုး ဖြစ်ကောင်းဖြစ်နေမှာမို့ ဒီနေရာမှာ တို့ ဒကာလေးကိုပဲ ပြန်မေးပါရစေဆိုပြီး စာရေးသူက သူ့ဖက်ကိုပဲ ဒီပြဿနာကို လှည့်ပေးခဲ့ပါတယ်။

ဆိုပါစို့ ဒကာလေး ခုဒီကိုရောက်လာတော့ ကိုယ်ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာတရားကိုပစ်ပယ် သူတစ်ရောက်ဖြစ်နေခဲ့ပြီလား။ ဒါမှ မဟုတ် ဒီမှာနေထိုင်နေတဲ့အတွက် နောင်မှာရော ပစ်ပယ်နိုင်မယ့် အလားအလာမျိုးရှိနိုင်သလား၊ နောက်ပြီး မြန်မာပြည်မှာ ရှိနေစဉ်ကနဲ့ အခု ကံငါးပါးကို စောင့်ထိန်း မှုမှာ ဘယ်မှာနေထိုင်တာက ပိုပြီး ကိုယ့်ကိုယ်ကို လုံခြုံမှုရှိတယ်ရယ်လို့ ထင်ပါသလဲလို့ စာရေးသူက မေးခဲ့ပါတယ်။

သူ့အပြောအရတော့ မြန်မာပြည်မှာရှိနေစဉ်ကလဲ သတ်တာဖြတ်တာနဲ့ သူများသား မယားကို ဖျက်ဆီးတာမျိုးမရှိခဲ့လို့ ဟိုမှာနဲ့ဒီမှာ အဲဒီကျင့်ဝတ်သိက္ခာများအတွက်တော့ သိသိသာသာ မထူးခြားလှဘူးလို့ဆိုပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာတုန်းကတော့ အရောင်းအဝယ်လုပ်ငန်း လုပ်ရတာမို့ အလေးစဉ်းလဲ တောင်းစဉ်းလဲလုပ်ရတာမျိုးတွေ တစ်ခါတလေရှိရကြောင်း ပြောပါတယ်၊ နောက်ပြီး ကိုယ့်လုပ်ငန်းဘေးမသီရန်မခစေဖို့၊ အစစ အဆင်ပြေချောမွေ့စေဖို့ မလိန်ချင်ပေမယ့် လိန်ရတာမျိုး မညာချင်ပေမယ့် ညာရတာမျိုးတွေဆိုတာ အကြိမ်များစွာရှိခဲ့ပါကြောင်း၊အရက်သေစာ သောက်စားမှုဆိုတာလဲ လုပ်ငန်းသဘောအရ မကြာခဏ ပြုလုပ်တတ်မိကြောင်းပြောပြပါတယ်။ ဒီမှာတော့ အဲဒီအရာတွေကို ရှောင်လို့ရလို့ ဒီကျင့်ဝတ်တွေအတွက်တော့ ဒီမှာက ပိုပြီးလုံခြုံတယ်လို့ ပြောလို့ရတယ်လို့ ဆိုပါတယ်။

မိဘတွေကို ကူညီထောက်ပံ့နိုင်မှုမှာရော ဘယ်လိုများကွာခြားမှုရှိပါသလဲရယ်လို့ စာရေးသူကမေးခဲ့တော့ ဒါကတော့ သိပ်ကွာခြားတာပေါ့ဘုရားတဲ့။သူက အခု ဒီမှာ တပည့်တော်တို့လို အခြေခံ အလုပ်သမားတစ်ယောက်အနေနဲ့ တစ်နာရီမှာ (၉)ဒေါ်လာပဲရတာမို့ ဒီကအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင်တော့ အလွန်နည်းတာပေါ့တဲ့။ ဒါပေမယ့် အိမ်လခနဲ့ မီးဖိုးရေဖိုးတယ်လီဖုန်းဖိုး နုတ်ပြီးရင် ကျန်တာထဲက ထိုက်သင့်သလောက်ကို ဟိုမှာရှိနေတဲ့ မိဘနှစ်ပါးကို ပံ့မှန်ကန်တော့နိုင်တာမို့ ကျေနပ်တော့ ကျေနပ်ရပါတယ်တဲ့။ သူဟာ အင်ဂျင်နီယာတစ်ယောက်အလွန်ဖြစ်ချင် ခဲ့ကြောင်း၊ သို့ပေမယ့် သူဆယ်တန်းကျောင်းသားဘဝက ကျူရှင်ယူနိုင်တဲ့ အနေအထားမရှိတာရယ်၊ နယ်မှာကျောင်းတက်ရတဲ့ အနေအထား စတာတွေကြောင့် စက်မှုတက္ကသိုလ်ကိုတက်ဖို့ အခွင့်အလမ်းမရခဲ့ကြောင်း၊ စက်မှုတက္ကသိုလ်ကိုတက်ခွင့်ရခဲ့ရင်တောင်မှ သူ့မိဘတွေရဲ့ စီးပွားရေး အခြေအနေအရ သူ့အနေနဲ့ တက်ရောက်နိုင်မည်မဟုတ်ကြောင်း ပြောပြပါတယ်။ ဒီမှာတော့ နေ့ပိုင်းမှာ အလုပ်လုပ်ပြီး ညပိုင်းမှာ ကျောင်းတက်နိုင်တာမို့ ဒီအတွက် အထူးကျေနပ်မိရပါတယ်တဲ့၊ ခု သူအလွန်ဆန္ဒရှိခဲ့တဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ ရောင်ခြည်ဦးကို တွေ့မြင်ရပြီဖြစ်ကြောင်းကိုလဲ ကဗျာဆန်ဆန်ပြောသွားပါသေးတယ်။

သူ့အဆိုအရ ယဉ်ကျေးမှုဓလေ့ထုံးစံအရရော၊ မိသားစု အသိုက်အဝန်းကို ခင်တွယ်တတ်တဲ့ သဘာဝအရရော မြန်မာပြည်က လူတိုင်းနီးပါးဟာ ဖြစ်နိုင်မယ်ဆိုပါလျှင် မိဘဆရာသမား ဆွေမျိုးညာတိတွေနဲ့ တစ်မြို့ တစ်ရွာတည်းမှာ အတူနေလိုတဲ့ ဆန္ဒရှိကြပါတယ်တဲ့၊ ဒါပေမယ့် ဘဝတစ်ခု တိုးတက် ဖြစ်ထွန်းနိုင်ဖို့ တစ်ဖက်က ပေးဆပ်ရတဲ့အရာမျိုးတွေလဲ ရှိတတ်တာလဲ သဘာဝတစ်ခုပါပဲတဲ့၊ သူ ခုလို ထွက်ခွါလာခဲ့တာကလဲ ပညာရေးဟာ အဓိကပါတဲ့။ သူ့အပြောအရ ကိုယ့်ဘဝနောင်ရေးအတွက် ပညာရေးဟာ အထူးပဲအရေးပါတာကို ဒီမှာပိုပြီးသဘော ပေါက်နားလည်လာမိပါတယ်တဲ့။

ဒီ ဒကာလေးလိုပါပဲ၊ စာရေးသူတက်ရောက်နေတဲ့ ကောလိပ်တစ်ခုတည်းမှာကိုပဲ မြန်မာကျောင်းသားတွေ အနည်းဆုံး (၅၀) လောက်တော့ ရှိမယ်လို့ ခန့်မှန်းမိပါတယ်။ ကျောင်းသားဦးရေ တစ်သောင်းငါးထောင်လောက်ရှိတဲ့ကျောင်းမှာ ဦးရေ ငါးဆယ်လောက်ဆိုတာ များတယ်တော့ မဆိုသာပါဘူး။ သို့ပေမယ့် မြို့မှာနေထိုင်ကြတဲ့ လူဦးရေအချိုးအစားနဲ့ နှိုင်းစာရင်တော့ ရာခိုင်နှုန်းများတယ်လို့ ဆိုနိုင်ပါတယ်။ ကိုယ့်လူမျိုးတွေဟာ ပညာရေးမှာ စိတ်ဝင်စားသူတွေပါလားဆိုတာ သိရလို့ ကျေနပ်မိရပါတယ်။ အလုပ်ကိုတစ်ဖက်လုပ်ရင်း ကျောင်းကိုလည်း တစ်ဖက်တက်နဲ့ အားကျိုးမာန်တက် ရုန်းကန်

လှုပ်ရှားနေကြတဲ့ ကိုယ့်လူမျိုး မြန်မာလူငယ် ကျောင်းသူကျောင်းသားတွေကို တွေ့မိတော့ အားလဲအားရမိပါတယ်။ မြန်မာလူငယ်တွေ တိုင်းတစ်ပါးကို ထွက်ခွါကြခြင်းဟာ စီးပွားရေးသက်သက်တစ်ခုအတွက်၊ ဒေါ်လာရှာဖို့ချည်းသက်သက် မဟုတ်ပါလားဆိုတာ ကောင်းကောင်းသဘောပေါက်လာမိပါတယ်။

စာရေးသူတို့အနေနဲ့ လူတစ်ယောက်နဲ့တစ်ယောက် ဘဝပေးအခြေအနေ မတူနိုင်ကြောင်းကို လွယ်လွယ်နဲ့ပဲ သိနိုင်ပါတယ်။ နောက်ပြီး နေရာဒေသတွေရဲ့ ပဋိရူပဖြစ်မှု မဖြစ်မှုမှာလဲ တစ်ယောက်နဲ့ တစ်ယောက် ကွာခြားမှုရှိကြောင်းကိုလဲ နားလည်ဖို့လိုမယ်ထင်ပါတယ်။ကိုယ့်အတွက် ဒီနေရာ ဒီဒေသဟာ သင့်တင့်ကောင်းမြတ်တဲ့နေရာဒေသတစ်ခု ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် တစ်ပါးသူတွေအတွက် ဒီနေရာဟာ သင့်တော်ကောင်းမှ သင့်တော်ပါလိမ့်မယ်။ ဥပမာအနေနဲ့ ဆိုရရင် လူသူကင်းမဲ့တိတ်ဆိတ်တဲ့ နေရာဒေသဟာ တရားဘာဝနာပွားများသူတစ်ယောက်အတွက် နေရာကောင်းဖြစ်နိုင်ပေမယ့် လူအများကိုမှီပြီး စီးပွားရှာသူတစ်ဦးအတွက်တော့ ဒီနေရာမျိုးဟာ သင့်တော်တဲ့အရပ်ဒေသ ဖြစ်မယ် မဟုတ်သလိုပေါ့။ နောက်ပြီး အချိန်အခါနဲ့ အခြေအနေဆိုတာလည်း အရေးကြီးတာကို သတိပြုရမှာပါ။ တချို့အရာတွေကို နေရာတိုင်းမှာ အချိန်တိုင်း မရနိုင်တာကိုလည်း စာရေးသူတို့အနေနဲ့ သဘောပေါက် လက်ခံကြရမှာပါ။ ဒီလိုအခါမျိုးမှာ မကြာမီ ရလာလိမ့်နိုးနဲ့ မရေရာတဲ့ အရာကို မသေချာစွာစောင့်နေတာထက်စာရင် တစ်ခုခုကိုကြိုးစားလုပ်ကြည့်တာက ပိုမကောင်းနိုင်ဘူးလားဆိုတာ စဉ်းစားဖို့ သင့်ပါတယ်။

ဌေးလွင်(ဆားလင်းကြီး)ရော၊ အထက်က ဒကာလေးကိုအမိန့်ရှိခဲ့တဲ့ဆရာတော်ကြီးရော ကိုယ့်တိုင်းပြည် ကိုယ်လူမျိုးကို ချစ်မြတ်နိုးစိတ်နဲ့ ရေးကြ မိန့်ကြတာပဲဖြစ်မယ်ဆိုတာ လေးလေးနက်နက် ယုံကြည်မိပါတယ်၊ သို့ပေမယ့် ချစ်ကြတဲ့နေရာမှာ မှန်မှန်ကန်ကန်ဖြစ်ဖို့လည်း လိုပါလိမ့်မယ်။ နေ့စဉ်လူမှုဘဝ လိုအပ်ချက်အတွက် စားဖို့ကထမင်းကြမ်း၊ သွားဖို့က လှည်းကြမ်း၊ ဝတ်ဖို့က ပုဆိုးကြမ်း၊ အိပ်စက် နားနေဖို့က ဝါးကြမ်းရှိယုံနဲ့ မပြည့်စုံနိုင်ကြောင်းကို အားလုံးသိကြမှာပါ။ ဒီလောက်ဆို ဖြစ်တာပါပဲလို့ ကိုယ့်စိတ်ကိုလှည့်စားကြည့်မယ်ဆိုရင်လဲ အစစ်အမှန်ရောင့်ရဲမှုဖြစ်ဖို့ ခက်ခဲပါလိမ့်မယ်။

ပြောချင်တာက **လိုအပ်ချက်တွေရှိလာတဲ့ အခါမှာ တကယ် မလိုအပ်ဟန် ရောင့်ရဲဟန်ဆောင်ပြီး ကိုယ့်ကိုယ်ကိုယ်လှည့်စားတာထက် အဲဒီလိုအပ်ချက်တွေကိုဖြည့်ဆည်းဖို့ ဘယ်လိုကြိုးစားကြမလဲ၊ နည်းလမ်းဘယ်လိုရှာကြမလဲလို့ စဉ်းစားအဖြေရှာကြတာက ပိုပြီးမကောင်းပေဘူးလား** လို့ ဆင်ခြင်ဖို့ပါ၊ မနိုင်၍သည်းခံခြင်း မရှိ၍ရောင့်ရဲခြင်းဆိုတဲ့ လူပျော် လူပြက်တွေရဲ့စကားဟာ စစ်မှန်တဲ့ ခန္တီနဲ့ သန္တုဋ္ဌိ မဟုတ်ကြောင်း အလွယ်တကူသိနိုင်ပါတယ်။ သာမန်လူသားတစ်ဦးဟာ လူသာမန်တစ်ဦးလိုပဲ စဉ်းစားတာက ပိုမိုကောင်းမွန်ပါတယ်။ အပိုလောဘနဲ့ အလွန်အလွဲမာနဟာ လူသားဘဝရဲ့အလှကို ဖျက်ဆီးတတ်ပေမယ့် ရှိရမည့်လောဘနဲ့ ထားသင့်တဲ့မာနကတော့ လောကကိုအလှဆင်တတ်ကြောင်း လူသာမန်တိုင်း ကောင်းကောင်းသဘောပေါက်ဖို့လိုပါတယ်။ တရားသဖြင့်ရယူမှုဟာ လောဘမဟုတ်သလို စစ်မှန်တဲ့ ကိုယ့်စွမ်းရည်ရဲ့ ရလဒ်အတွက် မြတ်နိုးဂုဏ်ယူတတ်မှုမျိုးဟာလည်း မာန်မာနတရားမဟုတ်ပါဘူး။

နောက်ပြီး အရာတစ်ခုကို သုံးသပ်တော့မယ်ဆိုရင် အဲဒီအရာရဲ့ အခြခံအကြောင်းရင်းကိုလဲ ရှာဖွေကြည့်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရပ်ခြားသွားရောက်နေထိုင်ရတယ်၊အလုပ်လုပ်ရတယ်ဆိုတာ ထင်သလောက်မလွယ်ကူလှတာကို လက်တွေ့အရ စာရေးသူနားလည်နိုင်ပါတယ်။ သေချင်တဲ့ကျား တောပြောင်းဆိုတာ စကားအရသာ ရှိပေမယ့် ဘယ်ကျားမှာမှ သေချင်တဲ့အတွက် တမင်သက်သက် တောပြောင်းလေမယ် မဟုတ်ပါဘူး။ သူနေထိုင်ဆဲဖြစ်တဲ့တောဟာ သူ့အတွက်လုံခြုံမှုမရှိနိုင်ဘူးလို့ ထင်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူ့အတွက် အစာရေစာ လောက်လောက်ငငမရနိုင်မှာကို တွေးမိလို့ပဲဖြစ်ဖြစ် ပြောင်းကြည့်လေတာဖြစ်မှာပါ။ တောတွေထွင်းလို့ ကျားတွေရှင်းသွားတာကို တောထွင်းသူကို အပြစ်တင်ရကောင်းမှန်းသိပဲ ကျားတွေကိုပဲ အပြစ်မြင်တာမျိုးကတော့ အမှန်တရားကို မတွက်ဆရာ ရောက်သလိုပါပဲ။

နိဂုမ်းချုပ်ပါရစေ
ဒီဆောင်းပါးကိုဖတ်ပြီး နိုင်ငံခြားကိုရောက်နေလို့ နိုင်ငံခြားကို အထင်ကြီးစိတ်ကြောင့် ဒီလိုရေးတာဖြစ်မှာပါလို့ ဆိုလာပါက တစ်ဝက်မှန်ပါတယ်လို့ ဝန်ခံပါရစေ၊ ကမ္ဘာ့ထိပ်တန်းကိုရောက်နေတဲ့ နိုင်ငံကြီးတစ်ခုမှာ အထင်ကြီးစရာဘာမှ မရှိဘူးလို့ဆိုခဲ့လျင် အဲဒီလိုဆိုသူသာ အရူးဖြစ်မှာပါ၊ နိုင်ငံတစ်နိုင်ငံလူမျိုးတစ်မျိုးတိုးတက်ဖို့ ကိုယ့်ရှေ့ကသူတွေရဲ့ အဆိုးတွေကိုချည်းမြင်တတ်ရုံ၊ပြောတတ်ရုံနဲ့ ပြည့်စုံဦးမှာ မဟုတ်ပါဘူး၊ သူတို့တွေရဲ့အကောင်းတွေကိုလည်း အားကျစရာဆိုအားကျ၊ အတုယူဖွယ်ရာဆိုအတုယူတတ်ဖို့လည်း လိုပါသေးတယ်။ တိတိကျကျပြောရရင် အထင်ကြီးစရာကို အထင်ကြီးတတ်ဖို့လည်း လိုပါသေးတယ်။ သူ့အမျိုးအပုတ်ချ ၊ ကိုယ့်အမျိုးဂုဏ်ကို မြှောက်ပြရုံနဲ့ မိမိအမျိုးကို အမှန်တကယ်ချစ်ရာ မရောက်သေးကြောင်း အသိဉာဏ်ရှိသူတိုင်း နားလည်နိုင်ပါတယ်။

မိဘတိုင်းဟာ သားသမီးများကိုတော့ ချစ်ကြစမြဲပါ။ သို့ပေမယ့် စစ်မှန်တဲ့ မိခင်စိတ်ဆိုတာ ချစ်ပြရုံနဲ့ပြီးပြည့်စုံဦးမယ် မဟုတ်ပါဘူး။ ကိုယ့်သားကိုယ့်သမီးကို သူများတွေနဲ့ယှဉ်လာရင် အောက်တန်းနောက်တန်းမကျရလေအောင် အလိမ္မာအမွေပေးဖို့လိုသလို တဖက်မှာလည်း ခေတ်နဲ့အညီ ရင်ဘောင်တန်းနိုင်စေဖို့ ခေတ်မီပညာအမွေတွေကိုပေးဖို့လည်း လိုပါသေးတယ်။ အဲ့ . . ဒီလိုပညာကို ဘယ်နေရာက ရနိုင်ပါ့မလဲလို့ စဉ်းစားတတ်ဖို့လဲ အထူးလိုအပ်သပေါ့။ နို့မဟုတ်ရင်ဖြင့် ငယ်ငယ်က ဖတ်ခဲ့ဘူးတဲ့ ဆားတုံဆရာတော်ရဲ့ လင်္ကာလေးလို

...မောင်ငယ် ရင်သွေး
နာဘိသေးလော့
ရှေးသရောအခါ
ပြည်ဇာရာဝယ်
ကုဋေ ကြွယ်အား
သူဌေးသားလျင်
သားတစ်ယောက်ဖြစ်
ချစ်၍တစေ
အိမ်မှာနေ၍
စာပေမတတ်

မိဘစုတေ
ခန္ဓာကြွေသော်
အရှေ့အနောက် တောင်မြောက်
ဘယ်မှာ မသိပါပြြား
သူဌေးသားသည်
သိုထားမတတ်
အရပ်ရပ်၌
နှံအပ်ဥစ္စာ
ရှိသည်ငှာကို
များစွာကျွန်ပေါင်း
မကောင်းခိုးသူ
ယူ၍ပြေးရှောင်း
အိမ်ကိုရောင်း၍
ထောင်းထောင်းကြေလျက်
ခွက်လက်စွဲကာ
တောင်းစားပါလည်း
နင်သာလူမိုက်
ဒုစရိုက်ဟု
ရိုက်ပုတ်လိုက်ကြ
ရွာမှထွက်လေ
တောမှာသေသည်
ကောင်သေဋ္ဌင်းတ ကျ၏တည်း . . .
ဆိုသကဲ့သို့သော ဗာရာဏသီ သူဌေးသားဇာတ်လမ်းသစ်တွေ ကိုယ့်တိုင်းပြည်မှာ များသထက် များလာပါလိမ့်မယ်။

မေတ္တာဖြင့်
အရှင်ဉာဏိကာဘိဝံသ
Fremont, CA, USA